# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

November 25 , 2022 Volume 60, Number 17


## နှစ်နိုင်ငံ MoU အရ ဘင်္ဂလားဒေ့ရှ်သို့ မြန်မာ့ဆန်တင်ပို့ရာတွင် တရုတ်ယွမ်ဖြင့် တင်ပို့ခွင့်ပြုထားပြီး FOB ဈေးနှုန်း တစ်တန်လျှင် တရုတ်ယွမ် ၂၇၈၈ ဒသမ ၅၆ ယွမ်ဖြင့် တန်ချိန်နှစ်သိန်းတင်ပို့မည်

မြန်မာ-ဘင်္ဂလားဒေ့ရှ်ဆန်ကုန်သွယ်မှုဆိုင်ရာစာချုပ်အရ ဘင်္ဂလားဒေ့ရှ်သို့ မြန်မာ့ဆန်တင်ပို့ရာတွင် တရုတ်ယွမ်ဖြင့် တင်ပို့ခွင့်ပြုထားပြီး FOB ဈေးနှုန်း တစ်တန်လျှင် တရုတ်ယွမ် ၂၇၈၈ ဒသမ ၅ ၆ ယွမ်ဖြင့် တန်ချိန်နှစ်သိန်း တင်ပို့မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရတို့အကြား ဆန်ကုန်သွယ်မှုဆိုင်ရာ G to G MoU အစီအစဉ်အရ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ကြီးကြပ်မှုဖြင့် ကုမ္ပဏီ ၄၈ ခုမှ ဆန်တန်ချိန်နှစ်သိန်းအား တရုတ်ယွမ်ဖြင့်တင်ပို့ခြင်းကို ၂၀၂၂ ခုနှစ် အောက်တိုဘာမှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွင်း ဆောင်ရွက်မည်ဖြစ်သည်။

ထိုသို့တင်ပို့ရာတွင် နှစ်နိုင်ငံတာဝန်ရှိသူများ၏ Contract စာချုပ်အရ White Rice(ATAP)GPCT Broken STX) ဆန်အမျိုးအစားကို တင်ပို့မည်ဖြစ်ပြီး FOB ဈေးနှုန်းမှာ တစ်ကီလိုလျှင် တရုတ်ယွမ် ၂ ဒသမ ၇၈၈၅၆ ယွမ်ဖြစ်ပြီး တစ်တန်လျှင် တရုတ်ယွမ် ၂၇၈၈ ဒသမ ၅၆ ယွမ်ဖြင့် တင်ပို့ရောင်းချမည်ဖြစ်သည်။

ကုန်သွယ်ရေးဦးစီးဌာန၊ ပို့ကုန်သွင်းကုန်လုပ်ငန်းဌာနခွဲအနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တင်ပို့မည့်ကုမ္ပဏီ ၄၁ ခုသို့ ပို့ကုန်လိုင်စင် ၄၂ စောင်၊ တန်ချိန် ၁၉၁၇၀၀ တန်ဖိုး တရုတ်ယွမ် ၅၃၄ ဒသမ ၅၅၅ သန်းအား ခွင့်ပြုထုတ်ပေးထားကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့ရန်ကျန်ရှိသည့် ဆန်တန်ချိန် တစ်သိန်းခွဲကျော်ကို သတ်မှတ်ကာလအတွင်း တင်ပို့နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအစိုးရအကြား ဆန်စပါးကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါနားလည်မှုစာချွန်လွှာအရ ၂၀၂၂ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နှစ်စဉ်အများဆုံး ဆန်ဖြူတန်ချိန် နှစ်သိန်းခွဲနှင့် ပေါင်းဆန် တန်ချိန် ၅၀၀၀၀ ကို တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။

အဆိုပါ MoU အရ မြန်မာနိုင်ငံမှ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်-MRF နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Directorate တို့မှ ညှိနှိုင်းမထ ၅% တန်းဖြင့် ဆန်တန်ချိန်နှစ်သိန်း တင်ပို့ရန် သဘောတူစာချုပ် (Sales Contract) ကိုချုပ်ဆိုခဲ့ပြီး တင်ပို့နိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ခဲ့ကြသည်။

၂၅.၁၁.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၅၇ US$ |
| မြန်မာ့ရွှေဈေး | = ၂၆၆၅၀၀၀ |
| ဒေါ်လာဈေး | = ၂၈၉၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၈၇.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၂၉.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၄၁.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၆.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၁၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၇၄၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၈.၁၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၉.၂၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၇၀၀ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

အဆိုပါ Sales Contract အရ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၁ ရက်အထိ မြန်မာနိုင်ငံမှ ဆန်တန်ချိန် နှစ်သောင်းကျော် တင်ပို့နိုင်ခဲ့သည်။ တင်ပို့ရန်ကျန်ရှိသည့် ဆန်များအနက် ဆန်တန်ချိန်တစ်သောင်းခွဲမှာ သင်္ဘောတင်ဆဲဖြစ်ပြီး ဆန်တန်ချိန် တစ်သိန်းခွဲကျော်ကို သတ်မှတ်ကာလအတွင်း တင်ပို့နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား G to G စနစ်ဖြင့် ဆန်ရောင်းဝယ်နိုင်ရေးအတွက် ဆန်ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စားနပ်ရိက္ခာဝန်ကြီးဌာနဝန်ကြီးတို့မှ လက်မှတ်ရေးထိုးခဲ့ကြသည်။

နားလည်မှုစာချွန်လွှာအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မြန်မာနိုင်ငံမှ နှစ်စဉ်ဆန်ဖြူတန်ချိန် ၂၅၀၀၀၀ နှင့် ပေါင်းဆန် တန်ချိန် ၅၀၀၀၀ အား ၂၀၁၇ ခုနှစ် စက်တင်ဘာလမှ ၂၀၂၂ ခုနှစ် စက်တင်ဘာလအထိ ဝယ်ယူရန် သဘောတူညီခဲ့ကြသည်။

အဆိုပါနားလည်မှုစာချွန်လွှာအရ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စားနပ်ရိက္ခာဝန်ကြီးဌာန၊ စားနပ်ရိက္ခာညွှန်ကြားမှုဦးစီးဌာနတို့အကြား Sales Contract များချုပ်ဆို၍ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပထမ အကြိမ်အဖြစ် ဆန်တန်ချိန်တစ်သိန်းအား ၂၀၁၇ ခုနှစ်တွင်လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ဆန်တန်ချိန်တစ်သိန်းအား ၂၀၂၁ ခုနှစ်တွင်လည်းကောင်း တင်ပို့ရောင်းချခဲ့သည်။

တတိယအကြိမ်အဖြစ် မြန်မာနိုင်ငံမှ ဆန်ဖြူတန်ချိန် ၂၀၀၀၀၀ အား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့သွားနိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ Ministry of Food, Directorate General of Food နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့အကြား ဆန်ရောင်းဝယ်မှုဆိုင်ရာ သဘောတူစာချုပ်အား ၂၀၂၂ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။

**Source:** https://news-eleven.com/article/240907

## မော်လမြိုင်ကုန်စည်ဒိုင် နေ့စဉ်ဈေးနှုန်းပေါက်ဈေး

မော်လမြိုင်မြို့၊ မော်လမြိုင်ကုန်စည်ဒိုင်၏ ၂၀၂၂ နိုဝင်ဘာလ ၂၂ ရက် ဈေးနှုန်းပေါက်ဈေးမှာ ရော်ဘာ RSS-3 မှိုင်းခံပြား တစ်ပေါင် ကျပ် ၁၁၁၀၊ ဒေသထွက် ၁၀၈ ပေါင် ဆန်တစ်အိတ် (အနိမ့်)ဈေးနှုန်း ဧည့်မထ ကျပ် ၄၃၀၀၀၊ ပေါ်ကျွဲ ကျပ် ၅၁၀၀၀၊ ပေါ်ဆန်း ကျပ် ၅၈၅၀၀၊ ၂၀ ပိဿာဝင် ပဲတစ်တင်းဈေးနှုန်း ပဲတီစိမ်း ကျပ် ၄၁၀၀၀၊ မတ်ပဲ ကျပ် ၅၇၇၀၀၊ ပဲလွန်းဖြူ ကျပ် ၄၂၀၀၀၊ ဗိုလ်ကိတ် ကျပ် ၃၉၀၀၀၊ ပဲပုတ် ကျပ် ၅၆၀၀၀၊ စားဖိုဆောင်သုံးသီးနှံ တစ်ပိဿာဈေးနှုန်း ကြက်သွန်ဖြူ(ကြူကုတ်) ကျပ် ၃၆၀၀၊ မုံရွာကြက်သွန်နီ (ငယ်) ကျပ် ၃၇၀၀၊ (လတ်) ကျပ် ၄၁၀၀၊ (ကြီး) ကျပ် ၄၂၀၀၊ ဂျင်း ကျပ် ၁၇၀၀၊ ငရုတ်သီးတစ်ပိဿာ ရှမ်းကျွန်း ကျပ် ၁၇၅၀၀၊ မိုးထောင်(အသစ်) ကျပ် ၁၆၀၀၀၊ အာလူးတစ်ပိဿာ ကျပ် ၂၀၀၀၊ သစ်သီးဝလံတွင် ပန်းရောင်ကျွဲကောသီး တစ်လုံး ကျပ် ၆၀၀ မှ ၁၈၀၀၊ ကျွဲကောသီးအဖြူ ကျပ် ၆၀၀ မှ ၁၀၀၀၊ ရေထွက်ကုန် တစ်ပိဿာဈေးနှုန်း ငါးဒန် ကျပ် ၃၁၀၀၊ ငါးမြစ်ချင်း ကျပ် ၅၁၀၀၊ တီလားဗီးရား ကျပ် ၇၈၆၀၀၊ ကကတစ် ကျပ် ၁၄၀၀၀၊ ငါးပုတ်သင်(ငါးဗျက်) ကျပ် ၇၂၀၀၊ ပုဇွန်ပျော့ ကျပ် ၁၃၀၀၀ မှ ၂၀၀၀၀ နှင့် ရေချိုပုဇွန်ထုပ်(စိမ်း) ၂၀၀၀၀ မှ ၅၅၀၀၀ ကျပ် အသီးသီးဖြစ်ပေါ်ခဲ့ကြောင်း သိရှိရသည်။

**Source: ရာမညကုန်သွယ်မှုဇဟိုဌာန**

## မြန်မာ့လက်မှုထည် ကြိမ်ထည်ပစ္စည်းဈေးကွက်တွင် ပြည်တွင်းဝယ်လိုအားကောင်းမွန်လာပြီး ဈေးကောင်းရရှိနေ



https://www.myawady.net.mm/node/33260

မြန်မာ့လက်မှုထည် ကြိမ်ထည်ပစ္စည်းဈေးကွက်တွင် ပြည်တွင်းဝယ်လိုအား ကောင်းမွန်လာပြီး ဈေးကောင်းရရှိနေကြောင်း ရန်ကုန်မြို့မှ ကြိမ်ထည်ပစ္စည်း ထုတ်လုပ် ရောင်းချသူတစ်ဦး၏ ပြောဆိုချက်အရ သိရသည်။ "ကြိမ်ထည်ပစ္စည်းတွေက ပြည်ပက အဓိကအဝယ်ရှိပေမယ့် လက်ရှိမှာ ပြည်ပကအဝယ်အေးပြီး ပြည်တွင်းက အဝယ် ပြန်လိုက်လာတယ်။ အခုက လုပ်သားတွေကိုပေးရတဲ့ လုပ်အားခတွေတက်တဲ့အပြင် ထုတ်လုပ်မှုစရိတ်တွေ တက်လာတဲ့အတွက် ကြိမ်ထည်ပစ္စည်းဈေးလည်း တက်လာ ပါတယ်" ဟု ၎င်းကပြောသည်။

ကြိမ်ထည်ပရိဘောဂများကို တောင်ကိုရီးယား၊ ဂျပန်၊ အမေရိကန်နှင့်ဥရောပနိုင်ငံတို့သို့ တင်ပို့သော်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်မှစ၍ ပြည်ပမှအဝယ်နည်းသွားကြောင်း၊ လက်ရှိတွင် ပြည်တွင်းမှအဝယ်ပြန်လိုက်လာသည့်အတွက် ကြိမ်ထည်လုပ်ငန်းလုပ်ကိုင်သူများ ပြန်လည်အဆင်ပြေလာကြောင်း သိရသည်။

ကြိမ်ထည်ပရိဘောဂများဖြစ်သော လိုက်ကာ၊ စားပွဲ၊ ကြိမ်ထိုင်ခုံ၊ လေးထောင့်ခုံ၊ အလှမီးအိမ်စသည့်ပစ္စည်းများကို ဟိုတယ်များနှင့် စားသောက်ဆိုင်များက အမှာများပြီး ကြိမ်ဆွဲခြင်း၊ ထမင်းအုပ်ဆောင်း၊ ကြိမ်ဦးထုပ်၊ ကြိမ်လက်ဆောင်ခြင်း မျိုးစုံ၊ ကြိမ်ဖန်စီနားကပ် စသည့် အသုံးအဆောင်ပစ္စည်းများကိုလည်း ပြုလုပ်ရောင်းချကြောင်း သိရသည်။

ကြိမ်ထည်ပစ္စည်း ဈေးနှုန်းများအနေဖြင့် တစ်ခုလျှင် ငွေကျပ် ၆၀၀၀ မှ သိန်းဂဏန်းအထိ အမျိုးအစားအလိုက် ဈေးနှုန်း အသီးသီးရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/33260

## မုံရွာကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်နေသော ဆီထွက်သီးနှံများ၏ ဈေးနှုန်း၊ ဈေးကွက်အခြေအနေ

မုံရွာကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသည့် ဆီထွက်သီးနှံများ၏ ဈေးကွက်အခြေအနေမှာ နှမ်းသီးနှံများနှင့် မြေပဲလုံးဆန်ဈေးနှုန်းများ ကျဆင်းနေပါသည်။ ယခုတစ်ပတ်အတွင်း နှမ်းဖြူတစ်တင်းလျှင် (၈၂၀၀၀)ကျပ်၊ နှမ်းနက် တစ်တင်းလျှင် (၈၁၀၀၀-၇၀၀၀၀)ကျပ်၊ နှမ်းညိုတစ်တင်းလျှင် (၇၁၀၀၀)ကျပ်ရှိပြီး ယခင်တစ်ပတ် ကာလတူအချိန် ပေါက်ဈေးနှုန်းများမှာ နှမ်းဖြူတစ်တင်းလျှင် (၈၈၀၀၀)ကျပ်၊ နှမ်းနက်တစ်တင်းလျှင် (၈၅၀၀၀)ကျပ်၊ နှမ်းညိုတစ်တင်း လျှင်(၇၃၀၀၀)ကျပ်ရှိ၍ ယခင်တစ်ပတ်ကာလနှင့်နှိုင်းယှဉ်ပါက မိုးနှမ်းများရောက်လာပါသဖြင့် ဈေးများ အနည်းငယ်ကျဆင်း လာကြောင်းသိရသည်။

ယခုတစ်ပတ်အတွင်း မုံရွာကုန်စည်ဒိုင်၏ မြေပဲလုံးဆန်ပေါက်ဈေးနှုန်းနှင့် ဆီဈေးနှုန်းများမှာ လုံးဆန်ဖြူ တစ်ပိဿာ (၅၁၅၀-၅၂၀၀)ကျပ်၊ ဆီဆန်ဖြူ တစ်ပိဿာ (၅၀၀၀) ကျပ်ရှိပြီး ယခင်တစ်ပတ် ကာလတူအချိန်ပေါက်ဈေးနှုန်းများမှာ လုံးဆန်ဖြူ တစ်ပိဿာ (၅၁၀၀-၅၃၀၀)ကျပ်၊ ဆီဆန်ဖြူ တစ်ပိဿာ (၄၉၅၀-၅၀၀၀) ကျပ်ရှိ၍ ယခင်လကာလတူအချိန် ပေါက်ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ဆီဆန်ဖြူဈေးငြိမ်နေပြီး၊ မြေပဲလုံးဆန်ဖြူပေါက်ဈေးနှုန်းများ အနည်းငယ်ကျဆင်းသွား ကြောင်းသိရသည်။ စားသုံးဆီပေါက်ဈေးများမှာ ပဲဆီ တစ်ပိဿာ ၉၀၀၀ ကျပ် မှ ၉၅၀၀ ကျပ်ထိ၊ နှမ်းဆီ တစ်ပိဿာ ၉၀၀၀ ကျပ်မှ ၉၅၀၀ ကျပ်ထိပေါက်ဈေးရှိပြီး ဈေးငြိမ်လျက်ရှိကြောင်းသိရသည်။

**Source: ဇေယျာကုန်သွယ်မှုဇဟိုဌာန**

## မြန်မာ့ကြက်သွန်နီ ထိုင်းနဲ့ဗီယက်နမ်တို့ အဝယ်လိုက်နေ




မြန်မာ့ကြက်သွန်နီကို ထိုင်းနိုင်ငံနဲ့ဗီယက်နမ်နိုင်ငံတို့က အဝယ်လိုက်နေပြီး အပတ်စဉ် တင်ပို့နေရတယ်လို့ နယ်စပ်ကုန်သွယ်ရေးစခန်းတွေက သိရပါတယ်။

ထိုင်းနိုင်ငံက မြန်မာ့ကြက်သွန်နီ တစ်တန်ကို ကျပ် ၃၁ သိန်း မှ ၃၄ သိန်းကျော်ထိ ဈေးပေး ဝယ်နေပြီး တနင်္သာရီတိုင်းဒေသကြီး၊ မောတောင်နယ်စပ်ကုန်သွယ်ရေးမှ ထိုင်းနိုင်ငံသို့ အပတ်စဉ် မြန်မာ့ကြက်သွန်နီ တန် (၅၀) မှ တန် (၁၀၀) အကြား တင်ပို့နေရကာ လက်ရှိ ပေါက်ဈေးအနေဖြင့် (၁) တန်လျှင် 20-30 mm အတွက် (၃၉၈၈၅) ဘတ်နှင့် 25-35 mm အတွက် (၄၄၀၃၆) ဘတ် ပေါက်ဈေးရှိတယ်လို့ သိရပါတယ်။

ကြက်သွန်နီကို မောတောင်ကုန်သွယ်ရေးစခန်းအပြင် မြဝတီကုန်သွယ်ရေးဇုန်မှလည်း ထိုင်းနိုင်ငံသို့တင်ပို့လျက်ရှိရာ လတ်တလော ကြက်သွန်နီအသစ်တွေ ထွက်ပေါ်လာသည့်ကာလဖြစ်တဲ့အတွက် နိုဝင်ဘာလ ၂၁ ရက်နေ့က တန်ချိန် ၁၀၀ ကျော်ထိ တင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

ဗီယက်နမ်နိုင်ငံကလည်း ပြီးခဲ့တဲ့ ၂ နှစ်ကာလက ကြက်သွန်နီဝယ်ယူမှုရပ်နားခဲ့ပေမယ့် အခုနှစ် ပြန်လည်ဝယ်ယူမှု ရှိလာခြင်းဖြစ်ကာ မြန်မာ့ကြက်သွန်နီကို ဈေးကောင်းပေးဝယ်နေတယ်လို့ သိရပါတယ်။ ဗီယက်နမ်နိုင်ငံသို့ မြန်မာ့

ကြက်သွန်နီတစ်ပတ်ကို ပိဿာချိန် ၁၈၀၀၀ ပါ တွဲကား ၁၀ စီးခန့်တင်ပို့နေရပြီး မြင်းခြံကြက်သွန်နီကို အဓိကဝယ်ယူကာ တစ်ပိဿာပေါက်ဈေး ကျပ် ၄၀၀၀ ကျော်ရှိတယ်လို့ သိရပါတယ်။

မြန်မာ့ကြက်သွန်နီကို ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့အပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံကိုပါတင်ပို့နေပြီး ယခုနိုဝင်ဘာ ပထမပတ် အထိ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပုံမှန်တင်ပို့မှုရှိနေတယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံတွင် နှစ်စဉ်ကြက်သွန်နီ ပျမ်းမျှတန်ချိန် ၁၀ သိန်းဝန်းကျင်ထွက်ရှိနေပြီး၊ ကြက်သွန်နီဈေးကွက်အတွင်း နိုဝင်ဘာ ၂၄ ရက်ပေါက်ဈေးအရ ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာ ၄၅၀၀ ကျပ်၊ ကံဆင့်ကြက်သွန်နီ တစ်ပိဿာ ၄၅၀၀ ကျပ်နဲ့ မြင်းခြံကြက်သွန်နီ တစ်ပိဿာ ၄၈၀၀ ကျပ်ရှိတယ်လို့ ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်က သိရပါတယ်။

**ဤဆောင်းပါးကို MyanmaPlatform မှကူးယူဖော်ပြပါသည်။**

**Source:** https://t.me/htwettoe

## ရွှေဈေးကွက်အတွင်း အရောင်းအဝယ်အေးနေပြီး ဝယ်သူမရှိသလောက်ဖြစ်နေကြောင်း ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌပြောကြား

ရွှေဈေးကွက်အတွင်း အရောင်းအဝယ်အေးနေကာ ဝယ်သူမရှိသလောက်ဖြစ်နေကြောင်း ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်ကပြောကြားသည်။ “ဒီရက်ပိုင်းမှာတော့ အရောင်းအဝယ်က တော်တော်အေးနေတယ်။ အဝယ်လည်းပါးတယ်။ ပါးတယ်ဆိုတာက ရှိကိုမရှိတာ။ အထည်ပျက်တွေ လာပြန်ရောင်းတာကတော့ အများဆုံးပဲ” ဟု ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ပြောကြားသည်။

လက်ရှိရွှေဈေးနှုန်းမှာ ကမ္ဘာ့ဈေးကွက်တွင်လည်း ကျဆင်းနေသဖြင့် ပြည်တွင်းဈေးကွက်လည်း ကျဆင်းနေကြောင်း၊ ဒေါ်လာဈေးကျဆင်းနေခြင်းမှာလည်း တစ်စိတ်တစ်ပိုင်းပါဝင်ကြောင်း ဦးမျိုးမြင့်က ဆက်လက်ပြောကြားသည်။ “ကမ္ဘာ့ဈေးလည်းကျတယ်။ ပြည်တွင်း ဒေါ်လာဈေးလည်းကျတယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

နိုဝင်ဘာ ၂၅ ရက်တွင် ရန်ကုန်ရွှေအသင်းက အခေါက်ရွှေ တစ်ကျပ်သားလျှင် ကျပ် ၂၀၆၅၀၀၀ ဝန်းကျင်ဖြင့် ဈေးပိတ် ခဲ့ပြီး ပြင်ပဈေးကွက်တွင် ရွှေတစ်ကျပ်သား ကျပ် ၂၆၇၀၀၀၀ ဝန်းကျင်ရှိနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။ နိုဝင်ဘာ ၂၄ ရက်တွင် ပြင်ပဈေးကွက် ပြည်တွင်းရွှေဈေးမှာ တစ်ကျပ်သားလျှင် ကျပ် ၂၆၆၀၀၀၀ ဝန်းကျင်ဖြင့် ဈေးဖွင့်ခဲ့ပြီး ကျပ် ၂၆၈၀၀၀၀ ဝန်းကျင်ဖြင့် ဈေးပိတ်ခဲ့သည်။

ရန်ကုန်တိုင်းအတွင်းရှိ ရွှေဆိုင်များ အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၂၅ သိန်း သုံးသောင်းဖြင့် ရောင်းချရန် ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းက အောက်တိုဘာ ၃၀ ရက်က ပန်ကြားခဲ့သည်။ ရန်ကုန်တိုင်းအတွင်းရှိ ရွှေဆိုင်များ အားလုံး အခေါက်ရွှေတစ်ကျပ်သားလျှင် ၂၅ သိန်း သုံးသောင်းကျပ်နှုန်းဖြင့် ရောင်းချပေးရန်ပန်ကြားအပ်ပါသည်ဟု ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းက ထုတ်ပြန်ထားသည်။

အောက်တိုဘာလဆန်းပိုင်းတွင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက လေလံစနစ်ဖြင့် ရောင်းချပေးသည့် ရွှေခြောက်ပိဿာမှာ လေလံပွဲတွင် အားလုံးရောင်းချခဲ့ရကြောင်းသိရသည်။

ရန်ကုန်မြို့တွင်ပြုလုပ်သည့် ရွှေလေလံပွဲတွင် တစ်ကျပ်သားလျှင် ကျပ် ၂၅ သိန်းဖြင့် လေလံအောင်မြင်ခဲ့ကြောင်း ရန်ကုန်တိုင်းရွှေလုပ်ငန်းရှင်များအသင်းမှသိရသည်။ အလားတူ မန္တလေးမြို့တွင်လည်း ရွှေသုံးပိဿာကို လေလံစနစ်ဖြင့် ရောင်းချခဲ့ရာ ကြမ်းခင်းဈေးအဖြစ် တစ်ကျပ်သားလျှင် ကျပ် ၂၄ သိန်းသတ်မှတ်ခဲ့ပြီး၊ ကျပ် ၂၄ သိန်းခွဲဖြင့် နှစ်ပိဿာ၊ ၂၄ သိန်း ရှစ်သောင်းဖြင့် တစ်ပိဿာ ရောင်းချခဲ့ရကြောင်း မန္တလေးရွှေအသိုင်းအဝိုင်းမှ သိရသည်။

**Source:** https://news-eleven.com/article/240955

## ၂၀၂၂ ခုနှစ် ၁၀ လတာအတွင်း ရန်ကုန်ဆိပ်ကမ်းများ၌ နိုင်ငံတကာသင်္ဘောလိုင်းများ၏ ကုန်သေတ္တာတင်သင်္ဘော ၅၁၅ စင်းဝင်ရောက်၍ ဆိပ်ကမ်းလုပ်ငန်းများလုပ်ဆောင်ခဲ့ကာ နိုဝင်ဘာလ ၂၅ ရက်ထိ ကုန်သေတ္တာတင်သင်္ဘော ၄၃ စင်း ထပ်မံဝင်ရောက်ခဲ့

၂၀၂၂ ခုနှစ် ၁၀ လတာအတွင်း ရန်ကုန်ဆိပ်ကမ်းများ၌ နိုင်ငံတကာသင်္ဘောလိုင်းများ၏ ကုန်သေတ္တာတင်သင်္ဘော ၅၁၅ စင်းဝင်ရောက်၍ ဆိပ်ကမ်းလုပ်ငန်းများလုပ်ဆောင်ခဲ့ကာ နိုဝင်ဘာ ၂၅ ရက်ထိ ကုန်သေတ္တာတင်သင်္ဘော ၄၃ စင်း ထပ်မံဝင်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

ရန်ကုန်ဆိပ်ကမ်းများတွင် ယခုနိုဝင်ဘာလအတွင်း ကုန်သေတ္တာတင်သင်္ဘော ၅၁ စင်းဝင်ရောက်၍ ဆိပ်ကမ်းလုပ်ငန်းများ ဆောင်ရွက်သွားရန်ရှိကြောင်းသိရသည်။ ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် အောက်တိုဘာတွင် ကုန်သေတ္တာတင် သင်္ဘောစင်းရေ ၅၀၊ စက်တင်ဘာတွင် သင်္ဘော ၅၅ စင်း၊ ဩဂုတ်လတွင် ကုန်သေတ္တာတင်သင်္ဘော ၅၅ စင်း၊ ဇူလိုင်လတွင် ရန်ကုန်ဆိပ်ကမ်းများ၌ နိုင်ငံတကာသင်္ဘောလိုင်း ၁၅ ခု၏ ကုန်သေတ္တာတင်သင်္ဘော ၄၉ စင်းဝင်ရောက်၍ ကုန်တင်ကုန်ချလုပ်ငန်းများ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ပြည်တွင်းလိုအပ်ချက်အရ သွင်းကုန်များတိုးမြှင့်တင်သွင်းရန် ရန်ကုန်ဆိပ်ကမ်းများ၌ ၂၀၂၂ ဇန်နဝါရီတွင် သင်္ဘောလိုင်း ၁၃ ခု၏ ကုန်သေတ္တာတင်သင်္ဘော ၄၉ စင်း၊ ဖေဖော်ဝါရီတွင် သင်္ဘောလိုင်း ၁၃ ခု၏ ကုန်သေတ္တာတင်သင်္ဘော ၄၈ စင်း၊ မတ်လတွင် ကုန်သေတ္တာတင်သင်္ဘော ၅၀ စင်း၊ ဧပြီလတွင် သင်္ဘောလိုင်း ၁၄ ခု၏ ကုန်သေတ္တာတင် သင်္ဘော ၅၂ စင်း၊ မေလတွင် နိုင်ငံတကာ သင်္ဘောလိုင်း ၁၂ ခု၏ ကုန်သေတ္တာတင်သင်္ဘော ၅၄ စင်း၊ ဇွန်လတွင် ကုန်သေတ္တာတင် သင်္ဘော ၅၃ စင်း ဝင်ရောက်ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်ဆိပ်ကမ်းများသို့ ၂၀၂၁ ခုနှစ် မေလမှစတင်ကာ နိုင်ငံတကာကုန်သေတ္တာနှင့် အထွေထွေကုန်စည် သင်္ဘောများ ပိုမိုဝင်ရောက်ခဲ့ပြီး ကုန်သေတ္တာ ၁၁၀၀၀ ကျော်နှင့် အထွေထွေကုန်စည် ၁၁၅၀၀၀ မက်ထရစ်တန် ပိုမိုကိုင်တွယ်နိုင်ခဲ့သည်။ ပင်လယ်ရေကြောင်းကုန်သွယ်မှု လိုအပ်ချက်များဖြည့်ဆည်းနိုင်ရန် ၂၀၂၁ ခုနှစ်မှစတင်ကာ Maersk Line Myanmar (Sea Land Merask) သင်္ဘောလိုင်းက ကုန်သေတ္တာတင်သင်္ဘောသစ်သုံးစင်း စတင်ပြေးဆွဲခဲ့သည်။

ကုလားတန်ဘက်စုံသုံး သယ်ယူပို့ဆောင်ရေးစီမံကိန်း(KMIT)၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် စစ်တွေဆိပ်ကမ်းသစ် မကြာမီဖွင့်လှစ်ပြီး တန် ၅၀၀၀-၆၀၀၀ သင်္ဘောများဆိုက်ကပ်နိုင်မည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်ကုန်သည်များနှင့်စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းမှ သိရသည်။

အိန္ဒိယကောင်စစ်ဝန်ချုပ်နှင့်တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ ဩဂုတ် ၂၇ ရက်ကတွေ့ဆုံခဲ့ရာတွင် အိန္ဒိယကောင်စစ်ဝန်နှင့် KMTT ဆိပ်ကမ်းတာဝန်ရှိသူများက အထက်ပါ အတိုင်း ပြောကြားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အိန္ဒိယ-မြန်မာချစ်ကြည်ရေးအစီအစဉ်အရ ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည့် KMTT@ Kaladan Multi-Transit Transport စီမံကိန်း၏ စစ်တွေဆိပ်ကမ်းသစ်သည် မကြာမီ စတင်လည်ပတ်ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း၊ တန်ချိန် ၅၀၀၀-၆၀၀၀ သင်္ဘောများ ဆိုက်ကပ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြစ်အတွင်း ရေလမ်းကြောင်းအသစ် ရှာဖွေတွေ့ရှိမှုကြောင့် ရေစူးကန့်သတ်ချက် တိုးမြှင့်ခွင့်ပြုခဲ့သည့် သီလဝါ ဆိပ်ကမ်းသို့ ရေစူး ၁၀ မီတာရှိသော နိုင်ငံတကာပင်လယ်ကူးသင်္ဘောများ ဝင်ထွက်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/240945

## STOCK EXCHANGE (25.11.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 25th Nov. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,100 | +0 | +0.00% | 9,100 | 9,100 | 8,400 | 1,840 | 16,320,000 | 33,109,694 | 301,298 |
| MTSH | 00002 | 3,400 | +50 | +1.49% | 3,350 | 3,400 | 3,350 | 741 | 2,483,850 | 38,929,150 | 132,359 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 67 | 515,900 | 10,400,986 | 80,088 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,500 | 19,500 | 19,500 | 65 | 1,267,500 | 2,472,053 | 48,205 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 0 | 0 | 12,823,224 | 34,623 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 200 | 540,000 | 19,977,223 | 53,939 |
| AMATA | 00007 | 5,000 | +0 | +0.00% | 5,000 | 5,000 | 5,000 | 0 | 0 | 10,497,598 | 52,488 |

### Market summary

As of 25th Nov. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 404.11 | +1.12 | +0.28% | 402.99 | 404.11 | 389.67 | 2,913 | 21,127,250 | 7 | 703,000 |

**Index chart**




## Market Overview

### Main Board

As of 1:00 pm, 25th Nov. 2022

| MYANPIX | 404.11 ▲ 1.12 |
|---|---|
| Total Volume (shares) | 2,913 |
| Total Value (MMK) | 21 mil |
| Listed Company | 7 |
| Market Cap. (MMK) | 703,000 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,100 | ▲ 0 |
| MTSH | 00002 | 3,400 | ▲ 50 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 0 |